# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 7, 2019 Volume 25, Number 5


**၇.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၁/- ကျပ် |
| CBM Rate | = ၁၅၁၈.၁ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၃.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၃.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၇.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၀၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မုံရွာမြို့တွင် မြန်မာ့သနပ်ခါးညီလာခံနှင့် သဘာဝသနပ်ခါး ထုတ်ကုန်ပြပွဲ ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းပြီး မြန်မာ့သနပ်ခါးညီလာခံနှင့် သဘာဝသနပ်ခါးထုတ်ကုန်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ သနပ်ခါးညီလာခံနှင့်ပြပွဲကို သနပ်ခါးစိုက်ပျိုးရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်များကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန်၊ ဈေးကွက်ချိတ်ဆက်မှုအသစ်များရရှိစေရန်၊ သနပ်ခါးထုတ်ကုန်များ ကို စိတ်ဝင်စားသူများ တစ်နေရာတည်းတွင် လာရောက်လေ့လာနိုင်ရန်နှင့် နိုင်ငံခြား ဈေးကွက်များ ဖန်တီးရရှိစေရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ သနပ်ခါးညီလာခံတွင် စာတမ်းဖတ်ပွဲများ ကျင်းပမည်ဖြစ်ပြီး မြန်မာ့သနပ်ခါး ထုတ်ကုန်များဖြစ်သော သနပ်ခါးတုံးများနှင့် မျိုးစေ့များ၊ အပင်များ၊ သဘာဝသနပ်ခါး တန်ဖိုးမြှင့်ထုတ်ကုန်များအပြင် မုံရွာဒေသထုတ်ကုန်များ၊ အဝတ်အထည်များ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် သဘာဝထုတ်ကုန်များကိုပါ ပြသသွားရန်စီစဉ်လျက်ရှိကြောင်း၊ စိတ်ဝင်စားသူများ အနေဖြင့် နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အတွင်း နံနက် ၉ နာရီမှ ည ၉ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပန်းတနော်တွင် တန်ချိန် ၁၀၀၀ ထွက် ငါးအစာစက်ရုံ စတင်တည်ဆောက်

မြန်မာပြည်တွင်သာမက အာရှ၏ အကြီးမားဆုံး ဧက ၉၀၀ ရှိ ငါးမွေးမြူရေး ထုတ်လုပ်ရေးဇုန်တွင် တန်ချိန် ၁၀၀၀ ထွက် ငါးအစာစက်ရုံတည်ဆောက်ရန် ပိုင်တိုင် ရိုက်သွင်းခြင်း အခမ်းအနားကို ယနေ့ နိုဝင်ဘာ ၁ ရက်က ဝါးခယ်မ-ရွှေလောင်း ကားလမ်းမကြီး (၁၇ မိုင်၊ ၆ ဖာလုံ)နှင့်ကပ်လျက်တွင် တည်ဆောက်ထားသည့် ငါးမွေးမြူထုတ်လုပ်ရေးဇုန်ကြီးတွင် ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး အဖွဲ့ ခေါင်းဆောင် နိုင်ငံတော်ဒုတိယသမ္မတ (၂) ဦး ဟင်နရီဗန်ထီးယူ တက်ရောက် ခဲ့ပြီး လမ်းညွှန်မှုများပြုလုပ်ခဲ့ကာ ငါးမွေးမြူရေးထုတ်လုပ်သောဇုန်ကြီးကို လှည့်ပတ် ကြည့်ရှုခဲ့သည်။

ငါးလုပ်ငန်းဟာ ကိုယ့်ရဲ့အိမ်နီးချင်းနိုင်ငံတွေထက် ဘာလို့များနိမ့်ကျနေလဲဆိုပြီး ၂၀၁၈ ခုနှစ်မှာ အာဆီယံနိုင်ငံတွေရယ် ဂျပန်တို့ တရုတ်တို့စတဲ့ ငါးလုပ်ငန်းနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကို လေ့လာခဲ့တယ်။ ငါးမွေးမြူရေး ထုတ်လုပ်ရေးဇုန်ဟာ အာရှမှာအကြီးဆုံးလည်းဖြစ်တယ်။ ဘယ်နိုင်ငံပဲဖြစ်ဖြစ် စက်ရုံဆိုတစ်နေရာ၊ မွေးတဲ့နေရာဆိုတစ်နေရာ၊ အစာစက်ရုံကလည်း တစ်နေရာဆိုပြီး လည်ပတ်နေတာတွေ့တယ်။ ဒီမှာကျတော့ မွေးတဲ့နေရာလည်းဒီမှာပဲ။ သားဖောက်မယ်၊ မျိုးငါးတွေစုဆောင်းမယ်စတာတွေကို တစ်နေရာတည်းမှာပြုလုပ်တယ်။ ပြီးတော့ အစာစက်ရုံ၊ Processing စက်ရုံ၊ ဒီကနေထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေကို ပြန်လည်ပြုပြင် ထုတ်လုပ်တဲ့စက်ရုံတွေလည်း ဒီမှာတစ်ခါတည်းပါမှာဖြစ်တဲ့အတွက် သူသည် Integrated Food Complex ဖြစ်သွားမယ်။ အာရှမှာပဲကြည့်ကြည့် တရုတ်မှာပဲ ကြည့်ကြည့် ငါးလုပ်ငန်းနဲ့ပတ်သက်ပြီး အများကြီးလုပ်နေတယ်။ သို့သော်လည်း ဒီလိုတစ်နေရာတည်းစုပေါင်းပြီး ဘယ်သူမှ မလုပ်သေးဘူး။ အဲဒါကြောင့် Asia ရဲ့Model ပဲဆိုဆို ကိုယ့်နိုင်ငံရဲ့ Model ပဲဆိုဆို ဒါကြီးကို စလုပ်တာဖြစ်ပါတယ်ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဉက္ကဋ္ဌဖြစ်သည့် ဒေါက်တာတိုးနန္ဒာတင်က ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ပန်းတနော်ရှိ စံပြ Food Complex ကြီး အောင်မြင်သွားပါက ယင်းကဲ့သို့ Complex မျိုးကို မြန်မာပြည်အနှံ့ ငါးမွေးမြူနိုင်သည့်နေရာအားလုံးတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းကရှင်းပြသည်။ ငါးမွေးမြူထုတ်လုပ်ရေးဇုန်ကြီးကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် Global Earth Agro & Aqua Industry အများပိုင်ကုမ္ပဏီကို ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်တည်ထောင်ခဲ့ပြီး ခေတ်မီငါးသားဖောက်လုပ်ငန်း၊ ခေတ်မီစနစ်ဖြင့် အသားတိုးငါးမွေးမြူရေးလုပ်ငန်း၊ ခေတ်မီအစာစက်ရုံ၊ ခေတ်မီအအေးခန်းစက်ရုံ၊ ဘေးထွက် ပစ္စည်းပြုပြင် ထုတ်လုပ်သောစက်ရုံ၊ ဝန်ထမ်းအိမ်ရာများနှင့် စာသင်ကျောင်း၊ ဆေးခန်းတို့ပါဝင်သည့် Food Industry Complex စီမံကိန်းကို အကောင်အထည်ဖော်သွားမည်ဟုသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2528879747147802?__tn__=K-R

## မန်းကျောက်စိမ်းဈေးကွက် ယခင်လများကထက် စည်ကားလာပြီး ကုန်သည်များ တရုတ်နယ်စပ်ဈေးကွက်အထိ သွားရောက်ရောင်းချ



မြန်မာ-တရုတ်နယ်စပ် ရွှေလီ၊ ကြယ်ဂေါင်ဒေသဘက်တွင် ကျောက်စိမ်းဈေးကွက် ကောင်းမွန်နေသောကြောင့် မန္တလေးမြို့မှ ကုန်သည်များသွားရောက်ရောင်းချမှုရှိနေပြီး မန္တလေးကျောက်ဝိုင်းတွင်လည်း ကုန်ကြမ်းဝင်ရောက်မှုများလာ၍ တရုတ်ဝယ်လက်များဖြင့် ယခင်လများကထက် စည်ကားလျက်ရှိကြောင်း ကျောက်စိမ်းကုန်သည်များနှင့် ပွဲစားများထံမှသိရသည်။ နိုင်ငံတကာ ခရီးသွားရာသီချိန်ဖြစ်သဖြင့် နိုင်ငံခြားသားခရီးသည်များ ဝင်ရောက်မှုရှိလာ၍ ကျောက်စိမ်းဖန်စီလက်ဝတ်ရတနာများ အရောင်းသွက်လာပြီး ဝိုင်းအတွင်းရှိ အပွင့်ဝိုင်း၊ လွှာချပ်ဝိုင်း၊ ဂွင်ဝိုင်း၊ လက်ကောက်ဝိုင်း၊ ပုံကျမီးထိုးဝိုင်း၊ အခင်းဝိုင်း၊ ဖန်စီဝိုင်း၊ မိုးကုတ်နီပြာဝိုင်းတို့ အားလုံး၌ ကုန်ကြမ်းရှာဖွေသည့်တစ်နိုင်တစ်ပိုင်ဝယ်ရောင်းသမားများ၊ ရောင်းသူဝယ်သူများဖြင့် စည်ကားမှုရှိနေခြင်းဖြစ်သည်။ ကချင်ဒေသမော်ဘက်က ကျောက်စိမ်းတုံးကုန်ကြမ်းအသစ်တွေဝင် ရောက်လာတဲ့အတွက် တရုတ်ဝယ်လက်တွေစိတ်တိုင်းကျ ပစ္စည်းရှာဖွေနေကြသလို လွှာချပ်တွေအတွက် ကုန်ကြမ်းများစွာရှိနေသောကြောင့် တစ်ပိုင်တစ်နိုင် ဝယ်ရောင်းသမားတွေက လက်ကောက်အဖြစ် ပုံဖော်ရောင်းချကြတာများတယ်။ အပေါ်ပိုင်းကျောက်တွေနဲ့အတူ တန်ဖိုးသင့်တင့်တဲ့ အောက်ပိုင်းကျောက်တွေပါ အဝယ်လိုက်နေပြီး အပွင့်တွေအနေနဲ့ အရည်အသွေးကောင်းရင်တော့ သိန်းဂဏန်းအထိ ဈေးကောင်းရနေတယ်။ မြန်မာကျပ်ငွေနဲ့ပထမ ဦးဆုံးရောင်းချတဲ့ ကျောက်မျက်ရတနာပြပွဲအပြီးမှာ မန္တလေးကျောက်စိမ်းဈေးကွက်ဟာ

သိသိသာသာကောင်းမွန်လာတာကြောင့် နောင်မှာလည်း ပြပွဲတွေဆက်လက်ကျင်းပနိုင်ဖို့ ကုန်သည်အများစုက ဆန္ဒရှိနေကြတယ်ဟု မန္တလေးကျောက်ဝိုင်း (မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း) မှ ကျောက်စိမ်းကုန်သည် ဦးကျော်နိုင်က နိုဝင်ဘာ ၆ ရက်တွင် ဒီမိုကရေစီတုဒေးသို့ပြောကြားသည်။

**Source:** https://www.facebook.com/democracytodaynewspaper/?hc_ref=ARRnsJeuMtrUzZ–dnW5SxWlQxw zLWQ _jvoM1NLsKKcfJ3LPxXkXXRNLbVR5GthxKBhk

## မြန်မာ့ငရုတ်ကို တရုတ်ပညာရှင်များနဲ့ ပူးပေါင်းစိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်



ယခုလအတွင်း မြန်မာ့ငရုတ်ကို တရုတ်ပညာရှင်များနဲ့ ပူးပေါင်းစိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။ မြန်မာ့ငရုတ်အရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန်အတွက် မြန်မာပညာရှင်များနဲ့ တရုတ်ဘက်မှ ပညာရှင်များ ပူးပေါင်းကာ စိုက်ပျိုးသွားမှာဖြစ်ကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပါတယ်။ ကိုယ်ရဲ့ဒေသ ရေမြေအနေအထားကိုကြည့်ပြီး ငရုတ်စိုက်ပျိုးနိုင်ဖို့အတွက် မြန်မာဘက်က နည်းပညာရှင်တွေနဲ့ တရုတ်ဘက်ကနည်းပညာရှင်တွေ ပူးပေါင်းပြီးတော့ စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်သွားမှာပါ။

အခုလက်ရှိ မြန်မာ့ငရုတ်ကို ပြည်ပနိုင်ငံများရဲ့ဈေးကွက်များမှာ အရည်အသွေးကောင်းမျိုးများကိုသာ တင်ပို့သွားနိုင်ရန် စီစဉ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ မြန်မာ့ငရုတ်ကို ပြည်ပနိုင်ငံများမှလည်း ဝယ်ယူကမ်းလှမ်းမှုများရှိနေကြောင်းလည်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှသိရပါတယ်။

**Source:** https://www.greenwaymyanmar.com/posts/chili_growing_collaborate_with_China_ technicians

## တရုတ်နိုင်ငံမျိုးဖြစ်သည့် နတ်သမီးအမည်ရှိ စပါးမျိုးကို မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ဟုဆို

မြန်မာနိုင်ငံမှထွက်ရှိသည့်ဆန်ကို တရုတ်နိုင်ငံဈေးကွက်သို့ အများဆုံးတင်ပို့နိုင်ရန် တရုတ်နိုင်ငံမျိုးဖြစ်သည့် နတ်သမီးအမည်ရှိ စပါးမျိုးကို ယခုနှစ်တွင် စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ အဆိုပါစပါးမျိုးကို အရည်အသွေးပြည့်မီအောင် စပါးစိုက်ဧက ၂၀၀၀ တွင် စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ပြီး ထွက်ရှိလာပါက တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့သွားမည်ဖြစ်ကြောင်း၊ ယင်းစပါးမျိုးမှ ထွက်ရှိသည့်ဆန်သည် ဈေးကွက်တွင်လည်း နေရာရှိပြီးဖြစ်ကြောင်းသိရသည်။ ဒီစပါးမျိုးကထွက်ရှိတဲ့ဆန်အရည်အသွေးက အရမ်းကောင်းတယ်။ ဆန်က ပျော့ပျောင်းတယ်၊ ချောတယ်။ ဒီဆန်မျိုးဖြစ်နိုင်တဲ့ ခုလိုမျိုးစပါးကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ စိုက်ပျိုးသွားနိုင်ရင် တရုတ်နိုင်ငံဆန်တင်ပို့မှုအတွက် တစ်နှစ်ကို ဆန်တန်ချိန်တစ်သန်းထိ ပို့နိုင်မှာပါဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါနတ်သမီးမျိုးစပါးဟု အမည်ပေးထားသည့် တရုတ်နိုင်ငံမှမျိုးစပါးသည် တစ်ကြိမ်ပွားပြီးပါက နှစ်နှစ်သာစိုက်ပျိုးသွားနိုင်ပြီး သုံးနှစ်မြောက်စိုက်ပျိုးရန်အတွက် မျိုးအဖြစ်ပြန်လည်ပျိုးထောင်ပေးရကြောင်းနှင့် ယခုနှစ်အတွင်း စမ်းသပ်စိုက်ပျိုးအောင်မြင်ပါက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်တန်ချိန်တစ်သန်းအထိ တင်ပို့ရောင်းချသွားနိုင်မှာဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့က ဒီလိုစပါးမျိုးစမ်းသပ်စိုက်ပျိုးသွားလို့ အောင်မြင်ရင် စပါးစိုက်တောင်သူတွေအတွက်ရော ကုန်သည်တွေအတွက်ပါ ပြည်ပဆန်တင်ပို့မှု အခက်အခဲသိပ်မရှိတော့ဘူးပေါ့ဗျာ။ ဘာကြောင့်လဲဆိုတော့ သူ့နိုင်ငံရဲ့လိုအပ်မှုနဲ့

စားသုံးတဲ့အမျိုးအစားကို စိုက်ပျိုးပြီး တင်ပို့ရောင်းချနိုင်မှတော့ တခြားဆန်တင်ပို့မှုထက်စာရင် ပို့ကုန်အနေနဲ့ အခက်အခဲ မရှိနိုင်ပါဘူး။ တရုတ်ကဝယ်လိုအားရှိတော့ အဓိကတင်ပို့ရတာပါ။ ပြည်တွင်းမှာရောင်းချလည်း အဆင်ပြေပါတယ်ဟု ကျိုက်လတ်မြို့မှ ဆန်ကုန်သည်ဦးမောင်ငွေကဆိုသည်။ မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ လက်ရှိဆန်တင်ပို့မှုအနေဖြင့် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ခန့်သာ အမြင့်ဆုံးရရှိနေပြီး ယခုစိုက်ပျိုးမည့် နှတ်သီးအမည်ရှိ စပါးမျိုး၏ ဆန်ကို တရုတ်နိုင်ငံက ဗီယက်နမ်နိုင်ငံမှဝယ်ယူခြင်းသည် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ မှ ၅၀၀ အထိ ပေးဝယ်ယူရကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူကဆိုသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2528836520485458?__tn__=K-R

## မြန်မာထိုင်း နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအတွက် ပြေးဆွဲမည့်လမ်းကြောင်းများထုတ်ပြန်

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ရာမှာ ပြေးဆွဲမယ့် လမ်းကြောင်းတွေကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားပါတယ်။ ပြေးဆွဲရမယ့် လမ်းကြောင်းတွေဟာ **ထိုင်းနိုင်ငံဘက်ခြမ်းလမ်းကြောင်းတွေအနေနဲ့**

(၁) မဲဆောက်-ပစ္စနလော့-ခုန်ခမ်း-ကုလားဆင်-မုဒဟန်

(၂) မဲဆောက်-ဘန်ကောက်-လန်ချဘန်တို့ဖြစ်တယ်။

**မြန်မာနိုင်ငံဘက်လမ်း ကြောင်းတွေအနေနဲ့**

(၁) မြဝတီ- ကော့ကရိတ်-ဇာသပြင်-မော်လမြိုင်

(၂) မြဝတီ-ကော့ကရိတ်-ကျုံဒိုး-ဘားအံ-သထုံ-ဘီးလင်း-ကျိုက်ထို- သိမ်ဇရပ်-ဝေါ-ဘုရားကြီး-ပဲခူးအင်းတကော်ပဲခူး/ ရန်ကုန်နယ်စပ်-ဇရပ်ကွင်း-ဆားတလင်း-လေးထောင့်ကန်-ဒဂုံတံတားအမှတ် (၂)ကုလားဝဲ-ခရမ်းသုံးခွလမ်းဆုံ-ဒဂုံ ဆိပ်ကမ်း-သီလဝါအထူးစီးပွားရေးဇုန်လမ်းကြောင်းတို့ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားပါတယ်။

သီလဝါဘူတာကနေ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီဘူတာကို ကွန်တိန်နာမီးရထားတွေ စတင် ပြေးဆွဲနေပြီဆိုတာကိုလည်း မြန်မာ့မီးရထားက သတင်းထုတ်ပြန်ပါတယ်။ မြန်မာ့မီးရထားနဲ့ Best Eternity Recycle Pulp and Paper Co;Ltd တို့ နှစ်ဦးသဘောတူစာချုပ်အရသီလဝါဘူတာအနီး MITT ဆိပ်ကမ်းကနေ ရေနီ ဘူတာဆီကို ကွန်တိန်နာရထားပြေးဆွဲတာကို ပြီးခဲ့တဲ့ အောက်တိုဘာ ၃ ရက်နေ့က စတင်ပါတယ်။

**Source:** https://www.kumudranews.com/news-35796?fbclid=IwAR2bHox2pdD_qBBm9JiWZ2w 71YAmf-Io116xy 17MK23HeDiVXG0BYSdaavI

## ထောပတ်သီးကို စုပေါင်းရောင်းချစနစ်ဖြင့် စတင်ရောင်းမည်



ထောပတ်သီးကို စုပေါင်းရောင်းချသည့်စနစ်ဖြင့် စတင်ရောင်းချသွားမည်ဟု ထောပတ်သီး စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးလင်းသန့်အောင်ကပြောသည်။ တောင်သူတွေစုရောင်းမယ်။ ရောင်းချလို့ရတဲ့ အကျိုးအမြတ်ကို တောင်သူတွေ တိုက်ရိုက်ရမယ်။ ဈေးကွက်အခြေအနေတွေကို လည်း သေသေချာချာ သိရှိရမှာပါဟု ၎င်းကပြောသည်။ လာမည့်ဒီဇင်ဘာလတွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ယခုနှစ်ကို စမ်းသပ်ကာလအဖြစ် သတ်မှတ်သွားမည်ဟု ၎င်းကဆိုသည်။ ထောပတ်သီး တောင်သူဦးရေ ၂၀ မှ ၅၀ အထိ စုစည်းကာ ထောပတ်သီးများကို စုပေါင်းရောင်းချသွားမည်ဖြစ်ပြီး အရည်အသွေးကိုလည်း သတ်မှတ်ထားသည်ဟုဆိုသည်။

ထောပတ်သီးရောင်းရာတွင် အာမခံသည့် ထောပတ်သီးနှင့်၊ အာမ မခံသည့်

ထောပတ်သီးဟူ၍ နှစ်မျိုးခွဲခြားကာ ရောင်းချသွားမည်ဖြစ်သည်။ အာမခံရောင်းချသည့် ထောပတ်သီးများသည် ဝယ်သူလက်အရောက်တွင် အသီးအရည်အသွေးကြောင့် ပျက်စီးခြင်းတစ်စုံတစ်ရာဖြစ်ပေါ်ပါက အသီးပြန်လည်အစားထိုးပေးခြင်း၊ ငွေပြန်အမ်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ထောပတ်သီး မျိုးကောင်းမျိုးသန့်စိုက်ခင်းများမှ ဈေးကွက်ဝင်အသီးများ ထွက်ရှိတော့မည်ဖြစ်သည့်အတွက် ယင်းအချိန်တွင် သီးနှံစုပေါင်းရောင်းချခြင်းကို စနစ်တကျပြုလုပ်မည်ဖြစ်ကြောင်း ဦးလင်းသန့်အောင်က ဆိုသည်။ လက်ရှိတွင် တရုတ်နိုင်ငံမှ ထောပတ်သီးကို တန်ချိန် ရာနှင့်ချီ၍ မှာယူမှုရှိသော်လည်း တင်ပို့ရောင်းချမှု မပြုလုပ်နိုင်သေးကြောင်း ဟိုပုန်းမြို့ ထောပတ်သီး စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းထွန်းဝင်းက ပြောသည်။

ထောပတ်သီးကို တရုတ်နိုင်ငံက ဝယ်ယူရန် အများဆုံးကမ်းလှမ်းပြီး ဟောင်ကောင်၊ စင်ကာပူတို့ကကမ်းလှမ်းမှုများလည်းရှိကာ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံကို အဓိကတင်ပို့နေကြောင်းအသင်းမှသိရသည်။ ယခင်နှစ်ထက် ထောပတ်သီးဈေးကောင်းမွန်သော်လည်း ယခုနှစ်အတွက် ထောပတ်သီးပေါက်ဈေး အမြင့်ဆုံးနှုန်း မည်မျှအထိရရှိမည်ကို မခန့်မှန်းနိုင်သေးကြောင်း ထောပတ်သီး တောင်သူများကပြောသည်။ လက်ရှိတွင် ထောပတ်သီး တစ်တန်လျှင် အရည်အသွေးပေါ် မူတည်၍ ဒေါ်လာ ၈၀၀ မှ ဒေါ်လာ ၃၀၀၀ အထိ ပေါက်ဈေးရှိကြောင်း ဦးလင်းသန့်အောင်ကပြောသည်။ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းအနေဖြင့် ထောပတ်သီး မျိုးကောင်းမျိုးသန့် ရွေးချယ်ရေးပြိုင်ပွဲကို ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင်ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ထောပတ်သီးမျိုးကွဲ ၂၀၀ ခန့် တွေ့ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ်တွင် ထောပတ်သီးမျိုးကွဲပေါင်း ၃၀၀ ခန့်ကို တွေ့ရှိခဲ့ရကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/130564.html

## အာဆီယံတွင်အကြီးဆုံးဖြစ်လာမည့် ငါးမွေးမြူရေးစီမံကိန်းကို အကောင်ထည်ဖော်နေ



မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရှိသော်လည်း အိမ်နီးချင်းဗီယက်နမ်နိုင်ငံ၏ တင်ပို့နိုင်မှုထက် ၁၂ ဆကျော် နည်းပါးနေဆဲဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်ငါးလုပ်ငန်းမှ ပြည်ပတင်ပို့မှုတန်ဖိုးမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၈.၈ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံမှတင်ပို့နိုင်သည့် ပမာဏ အမေရိကန်ဒေါ်လာသန်း ၇၀၀ နှင့်နှိုင်းယှဉ်ပါက ၁၂ ဆကျော် ပိုမိုရရှိနေကြောင်း မြန်မာနိုင်ငံသည် ရေထွက်ပစ္စည်း သဘာဝ အရင်းအမြစ် သယံဇာတများစွာရှိသော်လည်း ငါး ၊ ပုစွန်ဖမ်းဆီးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် တန်ဖိုးမြင့် Value added ထုတ်လုပ်ရာ၌ နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက ခေတ်မီနည်းစနစ် ၊နည်းပညာများစွာလိုအပ်နေသည်။

ထို့ကြောင့် အိမ်နီးချင်း နိုင်ငံများနှင့်ယှဉ်ပြီး ရေထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် တိုင်းနှင့်ပြည်နယ်အလိုက် သင့်လျော်သည့်နေရာများရွေးချယ်ပြီး ရေသတ္တဝါမွေးမြူရေးဇုန်များကို Master Plan ရေးဆွဲ၍ အစိုးရ နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုသမ္မတက ပြောသည်။ ယခုအကောင်ထည်ဖော်နေသော Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းတွင် ငါးမွေးမြူခြင်း ၊ ပြုပြင်ထုတ်လုပ်ခြင်း ၊ အေးခဲခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိမြေဧက ၉၀၀ ပေါ်တွင် အကောင်အထည်ဖော်လျက်ရှိကာ အလုပ်အကိုင်အခွင့် အလမ်း ၂၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းပြီးစီးပြီးနောက် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ကျော်ရရှိမည်ဟုခန့်မှန်းထားကာ အရှေ့တောင်အာရှတွင် အကြီးမားဆုံး ငါးမွေးမြူရေး စီမံကိန်းတစ်ခုဖြစ်လာရန် မျှော်မှန်းထားကြောင်းသိရသည်။

**Source: MMTimes**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2472-implementing-asean-s-largest-fisheries-project.html

## ဘဏ်ချေးငွေလက်လှမ်းမမီသည့် ဝင်ငွေနည်းပြည်သူများအတွက် တစ်ဦးလျှင် ကျပ်သိန်း ၁၀၀ အထိ ထုတ်ချေးနေ




ဘဏ်ချေးငွေ လက်လှမ်းမမီသည့် ဝင်ငွေနည်းပြည်သူများအတွက် တစ်ဦးလျှင် အများဆုံး ကျပ်သိန်း ၁၀၀ အထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းများနှင့်ဝန်ဆောင်မှုအဖွဲ့အစည်းများက ထုတ်ချေးပေးလျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။ နိုဝင်ဘာ ၅ ရက်က နေပြည်တော်ရှိ Park Royal Hotel တွင် ပြုလုပ်သော မြန်မာနိုင်ငံ၏ ပထမအကြိမ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖိုရမ်အပြီး ယင်းသို့ပြောခဲ့ခြင်း ဖြစ်သည်။ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆိုတာက အဓိကဝင်ငွေနည်းတဲ့ ပြည်သူလူထုဆီကိုသွား ကြတာပါ။ ဝင်ငွေအလယ်အလတ်၊ ဝင်ငွေမြင့်မားတဲ့သူတွေကတော့ ဘဏ်ချေးငွေ ရယူနိုင်ကြပါတယ်။ ဝင်ငွေနည်းတဲ့၊ အထူးသဖြင့် ဆင်းရဲတဲ့ပြည်သူတွေအနေနဲ့ကတော့ ဘဏ်ချေးငွေရဖို့ အလှမ်းဝေးတော့ ဒီလိုအသေးစားငွေရေးကြေးရေး လုပ်ငန်းကူညီရေးအသင်းက ချေးငွေတွေကိုပဲ ရယူနိုင်ကြပါတယ်။ တစ်ဦးချင်းဆိုရင် အများဆုံးကျပ်သိန်း ၁၀၀ အထိ ချေးယူနိုင်ပါတယ်ဟု ဒုတိယဝန်ကြီးက ပြောသည်။

အသေးစားငွေရေးကြေးရေး ကူညီရေးအသင်းအဖွဲ့များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူလိုင်စင်ထုတ်ပေးထားခြင်းဖြစ်ပြီး ၎င်းတို့ကို ကြီးကြပ်မှုကော်မတီလည်း ဖွဲ့စည်းထားကြောင်းသိရသည်။ အဆိုပါအသင်းအဖွဲ့များက အမေရိကန်ဒေါ်လာ ၁၇၂ ဘီလီယံအထိ ထုတ်ချေးပေးလျက် ရှိကြောင်းလည်းသိရသည်။ မြန်မာ့အသေးစား ငွေရေးကြေးရေးကဏ္ဍတွင် လိုင်စင်ရ ပြည်တွင်း၊ ပြည်ပအသေးစားငွေရေးကြေးရေး အဖွဲ့အစည်းပေါင်း ၁၈၉ ဖွဲ့ရှိပြီး ယင်းအဖွဲ့များထံမှ ဝန်ဆောင်မှုရယူသူ ဦးရေ ၅ ဒသမ ၆ သန်းခန့်ရှိကြောင်းသိရသည်။ လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ မိသားစုဦးရေ လေးသန်းကျော်ကိုလွှမ်းခြုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံအတွက် ချေးငွေများထုတ်ပေးထားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း အောက်တိုဘာ ၁ ရက်မှစတင်ကာ အသေးစားချေးငွေများအတွက် အတိုးနှုန်းများကို လျှော့ချသတ်မှတ်ပေးခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/130547.html




## မင်းဘူးမြို့နယ်တွင် မျိုးစပါး တင်းငါးထောင်ကျော် ဝယ်ယူရေး ဆောင်ရွက်နေ

မကွေးတိုင်းဒေသကြီး မင်းဘူး-စကုမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မျိုးစပါးတင်း ငါးထောင်ကျော် ဝယ်ယူ သိုလှောင်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း မင်းဘူး-စကုမြို့နယ်

စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ နှစ်စဉ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊မျိုးသန့်များ စိုက်ပျိုးချိန်အမီရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်တွင်မျိုးစပါး ၃၃၅၀တင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မျိုးစပါး ၃၇၀၀ တင်း၊ ၂၀၁၈-၂၀၁၉ခုနှစ်တွင် မျိုးစပါး ၄၃၈၈ တင်း ဝယ်ယူခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ခုနှစ်တွင် မျိုးစပါးတင်း ၅၀၀၀ ကျော် ဝယ်ယူသိုလှောင်သွားမည်ဖြစ်ကြောင်း မင်းဘူး-စကုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ မင်းဘူး-စကုမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးစပါးစိုက်ရာသီမှာ ၂၀၁၉ခုနှစ် စက်တင်ဘာ လကုန်အထိ မိုးစပါးစိုက်ဧက ၃၉၅၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ သက်မှတ်စိုက်ဧကထက် ဧက ၁၃၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဓိကမျိုးတွေကတော့ ရေမြေဒေသနဲ့ ကိုက်ညီမယ့် ၁၅၀၄၄ ဧက အတွက် မနောသုခမျိုးစပါး၊ ၁၃၈၅၇ ဧက အတွက် ဆင်းသုခမျိုးစပါး၊ ၉၈၉၈ဧကအတွက် ရောမင်း မျိုးစပါး၊ ကောက်ညှင်း၊ ပေါ်ဆန်းနဲ့ အခြားစပါးမျိုးတွေကိုတော့ ၇၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်ဟု မင်းဘူး-စကုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဝင်းကပြောသည်။

ယခုနှစ်မိုးရာသီတွင် စပါးစိုက်ဧက ၃၉၅၉၂ဧကအတွက် ယခင်နှစ်က မျိုးစပါး၄၃၈၈တင်း ကြိုတင်စုဆောင်း သိုလှောင်ခဲ့ကာ၊ မျိုးကောင်း၊မျိုးသန့်များ ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် သက်မှတ်ချက်ထက်ကျော်လွန်ကာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လာမည့်စပါးရာသီအတွက် ဒေသနှင့်ကိုက်ညီသည့် ထိုင်းနံ့ကောင်မျိုး ၁၅၀၀တင်း၊ မနောသုခ ၁၅၀၀တင်း၊ ရောမင်း ၁၀၀၀ တင်း၊ ဆင်းသုခ ၁၀၀၀ တင်းတို့အား ဝယ်ယူသိုလှောင်နိုင်ရေးစီစဉ်နေကြောင်း မင်းဘူး-စကုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ထို့အပြင် မြို့နယ်အတွင်း နွေစပါး၊မိုးစပါးစိုက်ပျိုးသော တောင်သူများ အချိန်မီမျိုးကောင်း၊ မျိုးသန့်များရရှိရေးအတွက် မှန်ကန်သည့် ဈေးနှုန်းအတိုင်းရရှိရန် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ်စိုက်ပျိုးရေးဦးစီးဌာနမှ အကျိုးဆောင်စိုက်ပျိုးတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်းကာ နမူဒါ မျိုးစေ့ထုတ်အသင်းကို ထူထောင်ပြီး ကျေးရွာ(၈)ရွာမှ တောင်သူ(၈)ဦးနှင့် စပါးစိုက်ဧက ၁၄၀ တို့ကို လုပ်ကိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source:** http://www.mizzimaburmese.com/article/62473

## မြစ်ကြီးနားမြို့တွင် တည်ဆောက်မည့် နန်ကျင်စီးပွားရေးဇုန်ကို ပြည်နယ်လွှတ်တော်သို့ ချပြပြီးမှ MoA လက်မှတ်ရေးထိုးမည်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တည်ဆောက်မည့် နန်ကျင်စီးပွားရေးဇုန်ကို ပြည်နယ်လွှတ်တော်သို့ ချပြပြီးမှသာ MoA လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောကြားသည်။ လက်ရှိတွင် အသေးစိတ်အချက်လက်များ၊ လုပ်ငန်းစီမံချက်များ၊ အကောင်အထည်ဖော်မည့် အခြေအနေများပါဝင်သည့် စက်ရုံအလုပ်ရုံနှင့် အကောင်အထည်ဖော်မည့်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးနေဆဲ ဖြစ်ကြောင်း ပြောကြားသည်။ ဝန်ကြီးက စီးပွားရေးဇုန်က အချက်အလက်အတော်များများ ဆွေးနွေးဖို့ကျန်ပါသေးတယ်။ ပြည်ထောင်စုကတော့ လမ်းညွှန်ချက်ပဲပေးပြီး ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတွေက ဆွေးနွေးအကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ ဒါတွေကို အသေးစိတ်ဆွေးနွေးပြီးတာနဲ့ ပြည်နယ်လွှတ်တော်မှာချပြဆွေးနွေးမှာပါ။ နှစ်ဦးနှစ်ဖက် ကောင်းကျိုးရှိမှပဲ ဒီစီးပွားရေးဇုန်ကလုပ်မှာပါ။ တစ်ဖက်စောင်းနင်းဖြစ်မယ်ဆိုရင်လည်း စီးပွားရေးဇုန်က အဓိပ္ပာယ်မရှိပါဘူး။ သေချာတာက ပတ်ဝန်းကျင်ကို အများကြီးထိခိုက်နိုင်တဲ့ စက်ရုံကြီးတွေလုံးဝမပါပါဘူး။ ဒေသခံတွေနဲ့အဖွဲ့အစည်းတွေကလည်း အားလုံးပူးပေါင်းကူညီပေးကြဖို့လိုပါတယ်ဟု ပြောကြားသည်။

ယင်းဒေသရှိ မြေယာလျော်ကြေးများကို ကိုင်တွယ်ဆောင်ရွက်နေသည့် စိုက်ပျိုး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက ပုံစံ ၇ ရှိတဲ့မြေတွေ၊ တရားဝင်စိုက်ပျိုးနေတဲ့မြေတွေရှိတယ်။ ကျွန်တော်က တာဝန်ယူတာ ရှစ်လပဲ ရှိသေးတယ်။ ကေဘယ်လောက်ဆိုတာ မသိရသေးဘူး။ မြေသိမ်းအက်ဥပအရ လုပ်ရမှာပါ။ သီးနှံလျော်ကြေးတွေကစလို့ပေါ့။ လျော်ကြေးလည်း ကျပ် တစ်ဘီလျံကျော်အထိရှိပါတယ်။ မြန်မာအစိုးရကပဲ ဖြေရှင်းရမှာပါ။ တရုတ်ဘက်ကတော့ ၂၀၂၀ လဆန်းပိုင်း MoA ချုပ်ဆိုနိုင်အောင်လုပ်ပေမဲ့ ဒီဘက်ကပြဿနာတွေ ပြေလည်မှဖြစ်မှာပါဟု ပြောကြားသည်။ မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးဇုန် တည်ဆောက်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေါင်စန်း

ပြည်နယ်ခွဲမှ ဒုတိယအုပ်ချုပ်ရေးမှူးအဖွဲ့တို့သည် ၂၀၁၈ ခုနှစ် မေ ၈ ရက် နံနက်ပိုင်းက နားလည်မှုစာချွန်လွှာ MoU ကို ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် လက်မှတ်ရေးထိုးခဲ့ပြီး MoA၊ JVA လုပ်ငန်းစဉ်များ လက်မှတ်ထိုးနိုင်ရန် ကချင်ပြည်နယ် အစိုးရအဖွဲ့က ဆောင်ရွက်လာခဲ့သည်မှာ တစ်နှစ်ခွဲကျော် ကြာမြင့်လာပြီဖြစ်သည်။

မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးဇုန်စီမံကိန်းသည် မြစ်ကြီးနားမြို့နယ်၊ နန်ကျင်ကျေးရွာအုပ်စု၊ ပလန ကျေးရွာအုပ်စုများတွင် တည်ရှိပြီး ဧကပေါင်း ၄၇၅၁ ဧကကျော် ရှိကြောင်း၊ ခန့်မှန်းကုန်ကျ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၃ ဒသမ ၄၄ သန်း (မြန်မာငွေကျပ် ၃၇၂ ဘီလျံ) ခန့် ကုန်ကျနိုင်ကြောင်း ခန့်မှန်းတွက်ချက်ထားသည်။ စီမံကိန်းကို တရုတ်နိုင်ငံဘက်မှ ဟိန်ယုံ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်နှင့် ကချင်ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကာ စုပေါင်းရင်းနှီးမြှုပ်နှံရေးကုမ္ပဏီ (Joint Venture Company) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/144332

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ဂျပန်က လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံ Chemical plant နှင့် Steel plant တို့လုပ်ကိုင်ရန်စိတ်ဝင်စား



ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ဂျပန်နိုင်ငံအနေဖြင့် လျှပ်စစ်ထုတ်လုပ်သည့်စက်ရုံ၊ Chemical plant၊ Steel plant တို့ကို လုပ်ကိုင်ရန်စိတ်ဝင်စားမှုရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းက နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက initial phase 27 sq kilometer ရှိပါတယ်။ အဲဒါကတော့ အီတာလျံထိုင်းနဲ့ စာချုပ်ချုပ်ထားပြီးသားဖြစ်တယ်။ ဒီထက်ကြီးတဲ့ ဧရိယာကိုတော့ ဂျပန်နိုင်ငံက စိတ်ဝင်စားပါတယ်။ သူတို့ကတော့ လျှပ်စစ်ထုတ်တာတို့၊ Chemical plant၊ Steel plant တို့လုပ်ဖို့စိတ်ဝင်စားပါတယ်။ တကယ်တမ်း ထားဝယ်ကိုသွားကြည့်တဲ့အခါ အလားအလာတော်တော်ရှိပါတယ်။ ဒါလေးကို သေချာလုပ်မယ်ဆိုရင် မဟာဗျူ ဟာအရလည်း တကယ့်ကို အရေးပါတဲ့တစ်ခုပါပဲဟု ဒုတိယဝန်ကြီးကပြောသည်။ ထို့ပြင် initial phase 27 sq kilometer စီမံကိန်းအတွက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများပြီးစီးသွားပြီဖြစ်သည့်အတွက် အီတာလျံထိုင်းကုမ္ပဏီအနေဖြင့် ဆက်လက်လုပ်ကိုင်လိုမှု ရှိမရှိကို မြန်မာနိုင်ငံဘက်မှ မေးမြန်းထားကြောင်းသိရသည်။ အီတာလျံ ထိုင်းကုမ္ပဏီမှ ဆက်လက်လုပ်ကိုင်မည်ဆိုပါက မြေငှားစာချုပ်ကို ချုပ်ဆိုကာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းကို လုပ်ဆောင်လာသည်မှာ ၁၀ နှစ်ကျော်ရှိပြီဖြစ်သော်လည်း တိုးတက်မှုမရှိကြောင်းသိရသည်။ သို့သော် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံနှင့် အရှေ့ အနောက်စီးပွားရေးစင်္ကြံတွင် လမ်းဖောက်ရန် ထိုင်းနိုင်ငံနှင့်လည်းသဘောတူပြီးဖြစ်သဖြင့် မကြာခင်တွင် ကီလိုမီတာ ၁၃၀ ကျော်ရှိသည့်လမ်းကို ဖောက်မည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်းလုပ်ငန်းအပြင် တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက်ပါ လုပ်ဆောင်လိုကြောင်းသိရသည်။

**Source:** PyiMyanmar

https://www.facebook.com/pyimyanmarnews/posts/2528849753817468?__tn__=K-R

## တောင်ကိုရီးယားရင်းနှီးမြှုပ်နှံမှု ရပ်ဆိုင်းခြင်း၊ ပြောင်းရွှေ့ခြင်းမရှိဟု MIC အတွင်းရေးမှူးပြော

မြန်မာနိုင်ငံမှ တောင်ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုရပ်ဆိုင်းခြင်း၊ ပြောင်းရွှေ့ခြင်းမရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အတွင်းရေးမှူး ဦးသန့်ဇင်လွင်ကပြောသည်။ မြန်မာနိုင်ငံမှ တောင်ကိုရီးယားကုမ္ပဏီ ၁၀၀ ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပြောင်းရွှေ့မည်ဟု ဘင်္ဂလားဒေ့ရှ် မီဒီယာကဖော်ပြပြီး နောက်ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ




ညွှန်ကြားမှုဦးစီးဌာနက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းဖြစ်သည်။ မြန်မာ၊ ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အားကောင်းနေပြီး စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်ဟု MIC အတွင်းရေးမှူးအဖြစ် ဆောင်ရွက် နေသည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသန့်ဇင်လွင်ကပြောသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပြုလုပ်သော (၃၅) ကြိမ်မြောက် အာဆီယံအစည်းအဝေးတွင်လည်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်ဆံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တောင်ကိုရီးယားနိုင်ငံ စီးပွားရေးဝန်ကြီးတို့ အလွတ်သဘော တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း ၎င်းကရှင်းပြသည်။ ယခုလကုန်ပိုင်းတွင် ကိုရီးယား နိုင်ငံ ဘူဆန်မြို့၌ပြုလုပ်မည့် တောင်ကိုရီးယား-အာဆီယံအစည်း အဝေးကိုလည်း နိုင်ငံထိပ်ပိုင်းခေါင်းဆောင်များအား တောင်ကိုရီးယား နိုင်ငံက ဖိတ်ကြားထားသည်ဟု ပြောကြားသည်။ ကိုရီးယားက စီးပွားရေးဆိုင်ရာလုပ်ကိုင်ဖို့ အဆိုပြုထားတဲ့လုပ်ငန်းတွေ၊ လာရောက်စုံစမ်းမှုတွေက တိုးတက်နေပါတယ်’ဟု ဦးသန့်ဇင်လွင်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေးကိုရှေးရှုပြီး ဘင်္ဂလားဒေ့ရှ်မီဒီယာမှဖော်ပြမှုကို ပြည်တွင်း၌သာ ဖြေရှင်း ဆောင်ရွက်မည်ဖြစ်ပြီး တစ်ဖက်နိုင်ငံအစိုးရကို အကြောင်းကြားမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။ တောင်ကိုရီးယား ကုမ္ပဏီ လုပ်ငန်း ၁၀၀ ခန့် မြန်မာနိုင်ငံမှထွက်ခွာပြီး ဘင်္ဂလားဒေ့ရှ်တွင် အခြေချလုပ်ကိုင်ရန် စီစဉ်နေသည်ဟု ဘင်္ဂလားဒေ့ရှ် စီးပွားရေးဇုန်အာဏာပိုင်အဖွဲ့ BEZA ကပြောကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာ bdnews24.com တွင် နိုဝင်ဘာ ၅ ရက်က ဖော်ပြထားသည်။

ကိုရီးယားနိုင်ငံတွင် ၂၀၁၆ ၌ မှတ်ပုံတင်ပြီး ဖွဲ့စည်းထားသော KIC ကုမ္ပဏီသည် မြန်မာနိုင်ငံ၌ စက်မှုဇုန်ထူထောင်ရန် ယခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌအပါအဝင် အစိုးရထိပ်ပိုင်းခေါင်းဆောင်များကို တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံတွင် စက်မှုဇုန်ထူထောင်ရေး အစိုးရထိပ်ပိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အဆင့်တွင်သာရှိနေပြီး လုပ်ငန်း အကောင်အထည်ဖော်ရန် ကြိုးစားမှုမရှိကြောင်း ဦးသန့်ဇင်လွင်ကရှင်းပြသည်။ ထို့အပြင် အဆိုပါကုမ္ပဏီက ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းလုပ်ကိုင်ခြင်းထက် မြေဦးပြီးပြန်လည်ရောင်းချသည့် ကုမ္ပဏီမျိုးဖြစ်သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနက လေ့လာတွေ့ရှိကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ညောင်နှစ်ပင် စီးပွားရေးဇုန်အပါအဝင် နှစ်နိုင်ငံစီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာငါးခုကို စက်တင်ဘာလဆန်း ကိုရီးယားသမ္မတခရီးစဉ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် (၆)နေရာ၌ရှိနေသော ကိုရီးယားနိုင်ငံသည် ဒေါ်လာလေးဘီလီယံခန့် ရင်းနှီးမြှုပ်နှံထားသည်။

**Source:** https://www.7daydaily.com/

## တိုယိုတာဝင်လာပြီး အရှိန်မြင့်လာသည့် မြန်မာကားဈေးကွက်




အရှေ့တောင်အာရှတွင် နောက်ဆုံးဈေးကွက်အဖြစ် သတ်မှတ်ထားသော မြန်မာနိုင်ငံတွင် ခြောက်ခုမြောက် ကားကုမ္ပဏီအဖြစ် တိုယိုတာက တပ်ဆင်ထုတ်လုပ်ရေးစက်ရုံကို နိုဝင်ဘာလ ၁ ရက်နေ့က စတင် အကောင်အထည်ဖော်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်း တန်ဖိုးရှိ တိုယိုတာစက်ရုံကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ဆောက်နေပြီး Hilux ပစ်ကပ်ယာဉ်များကို ထုတ်လုပ်မည်ဖြစ်ကာ ၂၀၂၁ ဖေဖော်ဝါရီလတွင် စတင်လည်ပတ်နိုင်ရန် စီစဉ်ထားသည်။

ဒီစက်ရုံကနေ အရည်အသွေးမြင့်မားတဲ့ ယာဉ်တွေကို အချိန်နဲ့

တပြေးညီ ထုတ်လုပ်သွားမှာပါဟု တိုယိုတာကုမ္ပဏီ တရုတ်နှင့်အာရှလုပ်ငန်းများဌာန ဒုတိယအကြီးအကဲ ဆူဆူမူ မက်ဆူဒါက စက်ရုံပန္နက်တင် အခမ်းအနားတွင်ပြောကြားခဲ့သည်။ တိုယိုတာကုမ္ပဏီ၏ ယခုဆောင်ရွက်ချက်မှာ အရှေ့တောင်အာရှရှိ ၎င်း၏ မော်တော်ယာဉ်ထုတ်လုပ်မှုပိုင်းတွင် နောက်ဆုံးရယူမှုဖြစ်လာပြီး လူဦးရေ သန်း ၅၀ ရှိ မြန်မာနိုင်ငံတွင် တိုယိုတာ၏ အခြေချမှုကို ခိုင်မာလာစေသည်။ အိန္ဒိယနိုင်ငံတွင် အောင်မြင်မှုရရှိခဲ့သော Suzuki ကုမ္ပဏီနှင့် Hyundai ကုမ္ပဏီ၏ လက်ခွဲလုပ်ငန်းတစ်ခုဖြစ်သည့် Kia Motors တို့မှာ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်ကစတင်ပြီး မော်တော်ယာဉ်များကို စတင်တပ်ဆင်ထုတ်လုပ်ခဲ့သည်။ ယင်းနောက် Nissan နှင့် Ford ကုမ္ပဏီတို့ကလည်း ကားတပ်ဆင် ထုတ်လုပ်ရေးစက်ရုံများတည်ထောင်ကာ လုပ်ငန်းများလုပ်ဆောင်လာခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလက တောင်ကိုရီးယားနိုင်ငံ Hyundai ကုမ္ပဏီက ဘတ်စ်ကားတပ်ဆင်ထုပ်လုပ်ရေးစက်ရုံကို တည်ထောင်ခဲ့သည်။ ပြည်တွင်းသို့ တင်သွင်းသော ကားများအပေါ် အစိုးရက ကန့်သတ်ချက်များတင်းကျပ်စဉ် တိုယိုတာကုမ္ပဏီက မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်မည်ဟု ယခုနှစ် မေလတွင် Nikkei သတင်းက စတင်ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းမှုစတင်ခဲ့သည့် ၂၀၁၁ ခုနှစ်တွင် ကားဈေးကွက် ပွင့်လန်းလာခဲ့ပြီးနောက် ဂျပန်နိုင်ငံမှ တစ်ပတ်နွမ်းကားများ စုပြုံဝင်ရောက်လာခဲ့သည်။ လက်ရှိတွင် အသစ်တင်သွင်းသည့် မော်တော်ယာဉ်များမှာ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်သည့် ကားများကဲ့သို့ အခွန်ကင်းလွတ်ခွင့်မရရှိဘဲ ဂျပန်နိုင်ငံတွင် အသုံးပြုသည့် ညာမောင်းကားများ တင်သွင်းမှုကို မြန်မာအစိုးရက ၂၀၁၈ ခုနှစ်တွင် ပိတ်ပင်ခဲ့သည်။ ယင်းအတွက်ကြောင့် ဂျပန်မှ မြန်မာနိုင်ငံသို့ ကားတင်ပို့မှုမှာ အမြင့်ဆုံးအခြေအနေမှ ထက်ဝက်ကျော်ကျော်ကျဆင်းလာသည်။ မြန်မာနိုင်ငံတွင် ကားအသစ်များရောင်းချရမှုမှာ ပြီးခဲ့သည့်နှစ်က နှစ်ဆကျော်မြင့်တက်ခဲ့သော်လည်း ယခုအချိန်အထိရောင်းချခဲ့ရသော မော်တော်ယာဉ်အစီးရေမှာ ၁၇၅၀၀ သာရှိသေးသည်။ ယင်း အရေအတွက်မှာ အိမ်နီးချင်းထိုင်းနိုင်ငံရှိ ရောင်းအား အစီးရေ ၁.၀၄ သန်းနှင့် ဗီယက်နမ်နိုင်ငံရှိ ရောင်းအားအစီးရေ ၂၈၀၀၀၀ နှင့် နှိုင်းယှဉ်လျှင် များစွာကွာခြားနေသည်။ သို့သော် အနာဂတ်လုပ်ငန်းများနှင့်ပတ်သက်ပြီး အကောင်းမြင်ထားကြောင်း ဆူဆူမူမက်ဆူဒါကပြောသည်။ မြန်မာနိုင်ငံရဲ့ ဈေးကွက် နှုန်းထားဟာ လွန်ခဲ့တဲ့ ၁၀ နှစ်က ဗီယက်နမ်နိုင်ငံ ဈေးကွက် ရောင်းချမှုနှုန်းနဲ့ အတူတူပဲ။ မဝေးတော့တဲ့ကာလမှာ ဗီယက်နမ်လိုမျိုး မြန်မာပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အဆင့်အထိ ပြောင်းလဲလာနိုင်လိမ့်မယ်ဟု ၎င်းကပြောခဲ့သည်။ တစ်ပတ်နွမ်းကားတွေထဲမှာမှ တိုယိုတာက ထင်ရှားတဲ့အမှတ်တံဆိပ်ဖြစ်တယ်။ ဒီမှာရောက်နေတဲ့ ကားကုမ္ပဏီတွေနဲ့ ဈေးကွက်ဝေစုအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ရလိမ့်မယ်ဟု မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းအသိုင်းအဝိုင်းက ပြောသည်။

အရှေ့တောင်အာရှသည် ဂျပန်မော်တော်ကားကုမ္ပဏီများအတွက် အကျိုးဖြစ်ထွန်းသည့် ဈေးကွက်တစ်ခုဖြစ်ပြီး တိုယိုတာကုမ္ပဏီမှာ ထိုင်းနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဈေးကွက်ဝေစု ၃၀ ကျော်ရရှိထားကာ ဟွန်ဒါနှင့်အစ်ဇူးဇူး ကုမ္ပဏီတို့က ၁၀ ရာခိုင်နှုန်း ဝေစုရရှိထားသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ပို့ကုန်ဗဟိုချက်နိုင်ငံ ဖြစ်လာရန် အလားအလာကောင်းများရှိနေသည်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာ တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ ၁ သန်း တင်ပို့ရောင်းချနေသော အရှေ့တောင်အာရှ မော်တော်ယာဉ်ဈေးကွက်တွင် အဓိကအရေးပါသော အခန်းကဏ္ဍမှပါဝင် နေသည်။ မြန်မာနိုင်ငံရှိ ကားတပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများကဲ့သို့ တိုယိုတာကုမ္ပဏီကလည်း ယာဉ်အစိတ်အပိုင်း များကိုတင်သွင်းပြီး တပ်ဆင်ထုပ်လုပ်မည်ဖြစ်သည်။ မြန်မာစက်ရုံအတွက် ထိုင်းနိုင်ငံမှစက်ပစ္စည်းများကို အသုံးပြုရန်စီစဉ် ထားပြီး နည်းပညာများကိုလွှဲပြောင်းပေးနိုင်ရန်စီစဉ်ထားသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020977

# STOCK EXCHANGE (7.11.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 7th Nov. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 448 | 4,961,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 3,379 | 13,347,050 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 76 | 623,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 1,131 | 26,013,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 143 | 429,000 | 12,823,224 | 38,470 |

## Market summary

As of 7th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 462.00 | -8.67 | -1.84% | 471.14 | 471.14 | 461.24 | 5,177 | 45,373,750 | 5 | 632,625 |

### Index chart




# Market Overview

As of 1:00 pm, 7th Nov. 2019

| MYANPIX | 462.00 ▼ 8.67 |
|---|---|
| Total Volume (shares) | 5,177 |
| Total Value (MMK) | 45 mil |
| Listed Company | 5 |
| Market Cap. (MMK) | 632,625 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 50 |